# Highlights from DVB Debate's Telecommunication Law Show

## Telecommunication Law 'Article 66 D': Should it be abolish?

"၆၆ (ဃ) ပုဒ်မနဲ့ မလျော်ဩဇာသုံးတယ်ဆိုပြီး တရားစွဲပေမယ့် ရာဇဝတ်မှုလို သတ်မှတ်ပြီး ပြစ်ဒဏ်ချမှတ်တဲ့နေရာမှာလည်း ရာဇဝတ်မှုအတိုင်း ချမှတ် နေတာ ဒါအားလုံးလည်း မြင်နေရတာပဲ"

ဒေါ်ပေဖြိုးမြင့် - ၆၆ ဃ ဖျက်သိမ်းရေး၊ ဆက်သွယ်ရေး ဥပဒေပြင်ဆင်ရေးပူးပေါင်းအဖွဲ့

---

"အခု ၆၆ (ဃ)နဲ့ စွဲထားတယ်ဆိုတဲ့ ၆၈ မှုမှာ အသရေဖျက်မှုတွေနဲ့ချည်း စွဲထားတာပါ။ ကျနော့်သဘောကတော့ အသရေဖျက်မှုအချက်ကို လုံးဝ ပယ်ဖျက်ပြီး ကျန်တဲ့အချက်တွေကိုတော့ ချန်ရမယ်။ ကျန်တဲ့ အချက် ၆ ချက်ဟာ အမျိုးသမီးနဲ့ ကလေးတွေ ကာကွယ်ရေးအတွက် လိုကို လိုအပ်တယ်"

ဦးငိုင့်ဆာ့ခ် - တရားလွှတ်တော်ရှေ့နေ၊ မြို့နယ်တရားသူကြီးဟောင်း

---

"ဖေ့ဘွတ်သုံးနေကြတဲ့သူတွေမှာ တချို့ ရိုင်းရိုင်းစိုင်းစိုင်းသုံးနှုန်းကြတာ ရှိတယ် အဟန့်အတားလေးတွေရှိရင်တော့ ကောင်းမယ်"

နွမ်ဂျာသိုင်း - စာရေးဆရာ

"လက်ရှိ အမှု ၇၀ ကိုပြန်ကြည့်ရင် အမုန်းစကားပြောလို့ဆိုပြီး ၆၆ ဃနဲ့ စွပ်စွဲခံရပြီး တရားစွဲခံရတဲ့ အမှုတမှုမှတော့ မရှိပါဘူး."

ဒေါ်ပေဖြိုးမြင့် - ၆၆ ဃ ဖျက်သိမ်းရေး၊ ဆက်သွယ်ရေး ဥပဒေပြင်ဆင်ရေးပူးပေါင်းအဖွဲ့

---

"၆၆ ဃနဲ့ တရားစွဲဖို့ရာ ဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်ရမှာသာ တရားစွဲလို့ရတယ် ဝန်ကြီးဌာနကလည်း သွားခွင့်ပြုလိုက်တဲ့အခါ ရဲအရေးပိုင် အမှုလိုလိုဖြစ်သွားတယ်"

ဦးငိုင့်ဆာ့ခ် - တရားလွှတ်တော်ရှေ့နေ၊ မြို့နယ်တရားသူကြီးဟောင်း

---

"၆၆ (ဃ) ဖျက်လိုက်ရင် လူမှုကွန်ရက်မှာ ရေးနေတာတွေအတွက် ဘာတွေက ကာကွယ်ပေးမှာလဲ?"

နွမ်ဂျာသိုင်း - စာရေးဆရာ

---

"၆၆(ဃ) ဖျက်လိုက်ရင် ရပါတယ် တခြားစွဲလို့ရတဲ့ ရာဇသတ်ကြီးပုဒ်မတွေလည်း ရှိနေတာပဲလေ. အခုက ဒီပုဒ်မကို ကြောက်ပြီး စာရေးဆရာတွေက စာမရေးတော့ရင် သတင်းမီဒီယာတွေ

သတင်းအမှန်မရေးနိုင်တော့ရင် အရှေ့ကမမြန်တဲ့အနေအထားမှာ ပို နောင့်နှေးသွားနိုင်တယ်။ ဒီမိုကရေစီ အောက်ကျသွားမှာ စိုးရိမ်တယ်”

ဦးရဲထွဋ် (ခ) စာရေးဆရာ ဂင်းထွဋ်ဇော် - အမျိုးသားလွှတ်တော်အမတ်